**(၂၆-၃-၂၀၂၀) ရက်နေ့ အဓိကဆောင်ရွက်ချက်များ**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်း လုပ်ငန်းများအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)တွင် COVID-19 ရောဂါ ကပ်ရောဂါ အသွင် ဖြစ်ပွားမှုကို တုန့်ပြန်ထိန်းချုပ်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးဗဟိုဌာန(Command Centre) ကို (၂၄-၃-၂၀၂၀) ရက်နေ့မှစ၍ ဖွင့်လှစ်ခဲ့ပါသည်။

ယနေ့အစည်းအဝေးကို နံနက် (၀၈း၀၀)နာရီတွင် စတင်ခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး နည်းပညာဆိုင်ရာအကြံပေးအဖွဲ့ဝင်များပါ ပါဝင်ဆွေးနွေး၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အစိုးရအဖွဲ့ဦးဆောင်မှုဖြင့် Community Based Quarantine ပြုလုပ်နိုင်ရေးနှင့် ပတ်သက်၍ လမ်းညွှန်ဆွေးနွေးခဲ့ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ဝယ်ယူဖြန့်ဖြူးရေး ဌာနခွဲတို့ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးနှင့် ကုသရေးပစ္စည်းများကို တိုင်းနှင့်ပြည်နယ် အသီးသီးသို့ အချိန်နှင့်တပြေးညီ လိုအပ်ချက်အလိုက် ဖြန့်ဝေပေးနိုင်ရန်နှင့် ပြည်သူလူထုအတွင်း COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများအတွက် ဦးစားပေးပံ့ပိုးပေးရ မည့်ပစ္စည်းများ ဖြည့်တင်းပေးနိုင်ရန် အသေးစိတ် ညွှန်ကြားခဲ့ပါသည်။

COVID-19ရောဂါ ကုသရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နည်းပညာ ဆိုင်ရာ အကြံပေးအဖွဲ့မှတာဝန်ရှိပုဂ္ဂိုလ်များသည် ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ လက်ရှိ COVID – 19 လူနာကိုကုသပေးလျက်ရှိသော တီးတိန်မြို့နယ်ပြည်သူ့ဆေးရုံမှ သမားတော် ဒေါက်တာကျော်ဇင်လင်းတို့နှင့် Video Conferencing ပြုလုပ်ကာ COVID -19 လူနာကုသရေးနှင့် ကာကွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်လမ်းညွှန်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ပြုလုပ် ခဲ့ကြပါသည်။

ဆက်လက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆေးပညာဌာနမှ ပါမောက္ခများသည် COVID -19 ရောဂါကုသရေးကုထုံးနှင့် ပတ်သက်၍လည်းကောင်း၊ ဓါတ်ခွဲစမ်းသပ်မှုနှင့် ပတ်သက်၍ အမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာ ဌာနနှင့်လည်းကောင်း ဆွေးနွေး၍ မူဝါဒများချမှတ်ခဲ့ကြပြီး Guidelineကို ပြင်ဆင်ရေးဆွဲခဲ့ကြပါသည်။ ထို့နောက်အစည်းအဝေးကို နေ့လည်(၁)နာရီတွင် ရပ်နားခဲ့ပါသည်။

COVID-19ရောဂါကာကွယ်၊ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအတွက် Galaxy Software Co.,Ltd မိသားစုမှလည်း ကျပ်သိန်း (၁၀၀)ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်၌ ယနေ့နေ့လည်(၃:၀၀)နာရီတွင်လက်ခံခဲ့ပါသည်။